ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

**မီးပြကျေးရွာ၊ မီးပြကျေးရွာအုပ်စု**

၂၀၁၈ ခုနှစ်    ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................................................................ 0

၂။မီးပြကျေးရွာအုပ်စုမြေပုံ.............................................................................................. 3

၃။မီးပြ ကျေးရွာသမိုင်းကြောင်း...................................................................................... 3

၄။ကျေးရွာအခြေခံအချက်အလက်များ ................................................................................ 5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools
များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ........................................................................ .7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 22

၈။ ကျေးရွာကော်မတီဝင်များစာရင်း.............................................................................24


၉။ပုံစံ-၁။ကျေးရွာအချက်အလက်...................................................................... 26

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................................... 29


၁၁။အစည်းအဝေးမှတ်တမ်းများ.......................................................................................... 35

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................ 40

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ရန်ကုန်မြစ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

.၂။ မီးပြ အုပ်စုမြေပုံ .



မီးပြစံပြကျေးရွာအုပ်စု အကွက်ချမြေပုံ
N
W
E
S
နယ်နိမိတ်
လမ်း
ဘုန်းကြီးကျောင်း
စေတီ
စာသင်ကျောင်း
ဆေးရုံ
အုပ်ချုပ်ရေးမှူးရုံ
ရေကန်
ARDC တာ
ဒီရေတော
တံတား
ချောင်း

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။မီးပြကျေးရွာ

၂။ ခလောက်ဆွဲကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

မီးပြကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၇) မိုင်ခန့်အကွာ ရန်ကုန်မြစ်ဂ၏ မြောက်ဘက်တွင် တည်ရှိပါသည်။ အကျယ်အဝန်းမှာ အရှေ့အနောက် (၂)မိုင်၊ တောင်မြောက် (၄.၀၅)မိုင် ခန့်ရှိပြီး စတုရန်းမိုင်ပေါင်း (၈.၆၅) ဧရိယာ (၅၁၉၈) ဧက ရှိပါသည်။မီးပြကျေးရွာသည် ကျောက်တန်းမြို့တောင်ဘက်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် ဘော်ကလွတ်ကျေးရွာ၊ အရှေ့ဘက်တွင် ဖွဲ့ဘာကုန်းတန်းကျေးရွာ၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အနောက်ဘက်တွင်ချောင်းဂကျေးရွာတို့နှင့် နယ်နိမိတ်ထိစပ်နေပါသည်။

လွန်ခဲ့သော နှစ်(၂၀၀)ခန့်က ယခုဘုရားငုတ်တိုကွင်းသည် ဘုရားငုတ်တိုရွာအဖြစ် တည်ရှိပြီး သူကြီးဘိုးသိုက်မှ အုပ်ချုပ်ခဲ့ပြီး နောင်တွင် ဘုရားငုတ်တိုရွာ၏ တောင်ဘက် တောအုပ်ထဲတွင် မိသားစုများပြောင်းရွှေ့ပြီး ဆားချက်လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရာမှ မီးပြကျေးရွာတည်ရှိလာပါသည်။ မီးပြကျေးရွာဟုခေါ်တွင်ရခြင်းမှာ မွန်သူပုန်များ ထကြွသောင်းကျန်းချိန် တစ်ဦးနှင့်တစ်ဦး မွန်သူပုန်များလာရောက်ပါက တောအုပ်အတွင်းမှ မီးများအချက်ပြရာမှ စတွင်၍ မီးပြကျေးရွာဟုခေါ်တွင်ခဲ့ပါသည်။

မီးပြကျေးရွာသည် ပင်လယ်မြေမျက်နှာပြင် (၆)ပေအထက်တွင် တည်ရှိပါသည်။ မီးပြကျေးရွာသည် ရန်ကုန်မြစ်ဂ မြောက်ဘက်တွင် တည်ရှိပြီး ဧရိယာအားလုံးမှာ လယ်ယာစိုက်ပျိုးနိုင်သည် မြေနိမ့်လွင်ပြင်များဖြစ်ပါသည်။ မီးပြကျေးရွာသည် လယ်ယာစိုက်ပျိုးရေး နှင့် တံငါလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် ကောင်းမွန်မှု ရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၈ | ၄၉ | ၃၉ | ၈၈ |
| မြေယာမဲ့ | ၁၇၅ | ၁၆၄ | ၁၉၂ | ၃၅၆ |
| မသန်စွမ်း | ၉ | ၇ | ၂ | ၉ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | အပ်ချုပ် | ဆိုင်ကယ်ပြင်ဆိုင် |
| | ဆိတ် | လျှပ်စစ်ပြုပြင် | |
| | နွား | တွင်ခုံ | |
| | ကျွဲ | စပါးကြိတ်စက် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၈၅၈ | - | ၄၀ | မရှိ | -/၁၉ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၂၄ | ၁၂ | ၄ | - ၊၄ | - | ၅၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀ | ၅၆ | ၅၆ | ၂၁ | ၁၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၀၊ ၆၀ | ၁၈၂ | ၃၄ | ၉၅၀ | ၂ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၈ | ၁၃ | ၃၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၀ | ၁၅ | ၃၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၆-၁၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါး အုပ်စုများ | ၂၀ | ၃၀ | ၅၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၂၆-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၅ | ၂၃ | ၄၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၆-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၂ | ၂၃ | ၄၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၇ | ၁၅ | ၃၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်



## သုံးသပ်ချက်


မီးပြကျေးရွာအုပ်စု၊မီးပြကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်နယ်မြေအတွင်းတွင် တည်ရှိပါသည်။ကျေးရွာ၏အဓိကလုပ်ကိုင်သောလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ရေလုပ်ငန်း၊စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ကျန်းမာရေးအခက်အခဲများတွင်ကျေးရွာကျန်းမာရေးဌာနခွဲ၊တိုက်နယ်ဆေးရုံတို့တွင်ဆေးကုသခံ ယူ၍အရေးပေါ် ကျန်းမာရေးအခက်အခဲများကို ကျောက်တန်းမြို့နှင့်သန်လျင် မြို့များသို့သွားရောက်၍ ဆေးကုသခံယူရပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

ကျေးရွာ၏မြောက်ဘက်တွင်ဘော်ဂလွတ်ကျေးရွာ၊အရှေ့ဘက်တွင်ဖွဲ့ဘာကုန်းတန်းကျေးရွာ၊တောင်ဘက်တွင် ရန်ကုန်မြစ်နှင့် အနောက်ဘက်တွင် ချောင်းဂကျေးရွာတို့နှင့် နယ်နမိတ် ချင်းထိစပ်နေပါသည်။ ကျေးရွာအတွင်း တွင် ဘုန်းတော်ကြီးကျောင်း (၃)ကျောင်း၊စေတီ(၂)ဆူနှင့် ရှိပါသည်။

ကျေးရွာ၏လိုအပ်ချက်များမှာရွှေသံလွင်စံပါယ်လမ်း၊မြသီတာကန်ပတ်လမ်း၊ သပြေလမ်းပြုပြင်ခြင်း၊ ကွက်သစ်(၆)လမ်း၊စိန်ပန်းမြိုင်လမ်း၊ရွာဦးကျောင်းလမ်း၊ မြပုလဲသွယ်လမ်း၊မြသီတာကျောင်းစုကန်ချောင်ဆက်လမ်း၊ ကံကော်မြိုင်လမ်း၊ဒေါ်အေးချမ်းမေဦးမျိုးလွင်လမ်း။ပိတောက်မြိုင်လမ်း၊နှင်းဆီမြိုင်လမ်း၊မြသီတာအရှေ့ခြမ်းလမ်း၊အေးသာယာ(၁)လမ်းစသည့်ရွာတွင်းလမ်းများ၊ကျောင်းအားကစားကွင်းပြုပြင်ခြင်း၊အထက်တန်းကျောင်းခွဲအားပြုပြင်ခြင်း၊စာကြည့်တိုက်ပြုပြင်ခြင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း၊သောက်သုံးရေကန်များအားခြံစည်းရိုးခပ်ခြင်း၊မိခင်နှင့်ကလေးအုတ်ကန်တည်ဆောက်ခြင်း၊ဈေးရုံတိုးချဲ့တည်ဆောက်ခြင်းစသည်တို့ေကျးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်)တွင် ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများဖြစ်သော ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး များပိုမိုကောင်းမွန်လာပြီ ဖြစ်သည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



## သုံးသပ်ချက်

မီးပြကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊အလွန်နွမ်းပါးဟူ၍လူမှုအဆင့်(၄)ဆင့်ရှိပါသည်။

**ချမ်းသာသော** အဆင့်တိုက်၊ ကား၊ လယ်-၇၀ ဧက၊ ဆန်စက်၊ စက်လှေ၊ခြံကွက်၊ဈေးဆိုင်၊စတိုးဆိုင်၊ ဆိုင်ကယ်တို့ ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၂၅)စု နှင့် ရာခိုင်နှုန်းမှာ(၂%) ရှိပါသည်။

**အလယ်အလတ်ရှိသော** အဆင့်တွင် သစ်သားအိမ်၊ လယ်-၁၅ဧက၊ စက်လှေ၊ (ပိုက်မျော)၊ ခြံ၊ ဈေးဆိုင်၊ TV ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၄၀၀) စုနှင့် ရာခိုင်နှုန်းမှာ (၃၃%)ရှိပါသည်။

**နွမ်းပါးသော** အဆင့်ဓနိမိုးအိမ်၊ ဝါးအိမ်။ စက်ဘီး၊ ဆိုင်ကယ်တို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ (၆၀၀)စု ရာခိုင်နှုန်းမှာ (၅၀%) ရှိပါသည်။

**အလွန်နွမ်းပါးသော** အဆင့်တွင် ခြံမရှိ၊ အိမ်ပိုင်မရှိ သော အိမ်ထောင်စုမှာ (၁၇၅)စု ရာခိုင်နှုန်းမှာ (၁၅%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ အလုပ်အကိုင်ရှားပါးခြင်း၊ အရင်းအနှီးမရှိခြင်း နှင့် မိသားစုဝင် အလွန်များပြားသောကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တော်သလင်း နှင့် သီတင်းကျွတ်များတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို တန်ဆောင်မုန်း နှင့် နတ်တော်လများတွင် သီးထပ် စိုက်ပျိုးကြပါပြီး တပို့တွဲလတွင် ပဲဆွတ်ခူးကြသည်။ ကွမ်းကိုတစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် စိုက်ပျိုးကြသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် တစ်နှစ်ပတ်လုံး ကြက်၊ဘဲ၊ဝက်၊ဆိတ် တို့ကို မွေးမြူကြပါသည်။

**ဝင်ငွေ** ကဆုန်၊ နယုန်၊ ဂါဆိုနှင့် ဂါခေါင်လများတွင် ဝင်ငွေကောင်းမွန်ပြီး မိုးတွင်းကာလ ဖြစ်သည့် အတွက် ငါးဖမ်းခြင်းမှ ရရှိကြပါသည်။ ကျန်လများတွင် စိုက်ပျိုးရေးလုပ်ငန်း နှင့် တစ်ခြားနေ့ စား အလုပ်များ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဂင်ငွေမှာအတန်အတင့်ရှိပါသည်။

**သောက်သုံးရေ** တန်းခူးလနှင့် တပေါင်းလ တို့တွင် သောက်သုံးရေ နည်းပါးပြီး ကျန်လများတွင် သောက်သုံး ရေ ဖူလုံမှု ရှိပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ မီးထွန်းပွဲ၊ တပိုတွဲလ ကျေးရွာဘုရားပွဲ၊ တပေါင်းလ ဦးရှင်ကြီးပွဲ ကျင်းပကြပါသည်။

**ကျန်းမာရေး** ရာသီဉတုပုံမှန် ရှိပါသည့်အတွက် ကျန်းမာရေး ကောင်းမွန်ကြပါသည်။

**ထွက်ငွေ** အလုပ်အကိုင် ရှားပါးခြင်း မိသားစုဂင်များခြင်း တို့ကြောင့် ထွက်ငွေများပြားနေပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်ချက်။



## သုံးသပ်ချက်


ကျေးရွာအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့သည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် အဓိက ချိတ်ဆက်နေပါသည်။ လူမှုရေးအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့တို့သည် ကျေးရွာနှင့် အဓိက ပူးပေါင်းဆောင်ရွက်ကြပါသည်။

အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် အမျိုးသမီးများနှင့် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။ မြစိမ်းရောင်၊ ပတ်(စ်)မြန်မာ၊ ဘီဂျီ စသည့် အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် နာရေးကူညီမှု အဖွဲ့သည် ကျေးရွာလူထု အတွက် အခန်းကဏ္ဍ တစ်ရပ်အနေဖြင့် ပါဝင်နေပါသည်။

ကျေးရွာတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည် မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

ကျေးရွာပြင်ပအဖွဲ့အစည်း များဖြစ်သော မြို့နယ်မီးသတ် အဖွဲ့နှင့်ကျေးရွာရှိ မီးသတ်အဖွဲ့တို့ ပူးပေါင်း၍လည်း ကျေးရွာအတွင်း မီးဘေးကာကွယ်ရေးအတွက် ချိတ်ဆက်လုပ်ဆောင်လျက် ရှိပါသည်။ မြို့နယ်နာရေးကူညီမှုအဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဘဏ်၊ ငါးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့်အဖွဲ့များသည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိနေပြီး ကျေးရွာအေးချမ်းသာယာရေး၊ ကျန်းမာရေး၊သာရေး၊ နာရေး၊လူမှုရေးကိစ္စများကို အတူတကွ ပူပေါင်းလုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**လူမှုရေး** အမျိုးသားများနှင့် အမျိုးသမီးများသည် လူမှုရေးတွင်တန်းတူနီးပါး လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။

**ပညာရေး** ကျေးရွာအတွင်းတွင် အမျိုးသမီးများသည် ပညာရေးတွင် အနည်းငယ်အသာရနေသော်လည်း အမျိုးသားများလည်း တန်းတူအခွင့်ရေး ရရှိနေသည်ကို တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စ** အိမ်မှုကိစ္စအပေါ်တွင် အမျိုးသမီးများကဦးဆောင်လုပ်ကိုင်နေသော်လည်း အမျိုးသားအချို့က ပူးပေါင်းပါဝင် လုပ်ကိုင်မှုရှိသည်ကို တွေ့ရှိရပါသည်။

**အရင်းအမြစ်အသုံးချမှု** အမျိုးသားများသည် ကျေးရွာအတွင်းရှိ အရင်းအမြစ်များကို အမျိုးသမီးများထက် ပိုမို အသုံးချတက်သည်ကို တွေ့ရှိရပါသည်။


**ဘဂလုံခြုံမှု** ကျေးရွာအတွင်း တွင် အမျိုးသမီးများသည် အမျိုးသားများထက် ဘဂလုံခြုံမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။


**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး ၊အဖွဲ့အစည်း အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ အနည်းငယ်သာရှိပြီး အမျိုးသားများကသာ ဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။

**စီးပွားရေး** အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူလုနီးပါး စီးပွားရေးတွင် လုပ်ဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။

ဓါးပိုင်ဆိုင်မှုသုံးသပ်ခြင်း။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏အရင်းအမြစ်များဖြစ်သောပဲချွေစက်၊ထွန်စက်/ရိတ်စက်၊ဘောလုံး/ခြင်းလုံး၊ဆိုင်ကယ်/စက်ဘီးနှင့်ကားစသည့်အရင်းအမြစ်များကိုအမျိုးသားများမှထိန်းချုပ်ထားပါသည်။အပ်အမျိုးသမီးများမှထိန်းချုပ်ထားပြီးအမျိုးသား/အမျိုးသမီးနှစ်ဦးလုံးထိမ်းချုပ်ထားသောအရင်းအမြစ်များမှာရေတွင်း/ရေကန်၊လယ်အိမ်ခြံဝင်း၊ဘုန်းတော်ကြီးကျောင်းစသည်တို့ကိုထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ကား၊ ဘောလုံး/ခြင်းလုံး၊ ပဲချွေစက်၊ ထွန်စက်၊ ရိတ်စက်၊ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး  နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ စက်ဘီး/ဆိုင်ကယ် ၊ ရေတွင်း/ရေကန်၊ လယ်နှင့် အိမ်ခြံဝင်းတို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်** ရက်စွဲ - ၆.၁.၂၀၁၈

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအေးလှိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်မြင့်မြင့်ဆွေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမျိုးလွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးစံမြင့် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သင်းသင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးတင်အုန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးဆန်းလွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အေးချမ်းမေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်စန္ဒာဂင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်မော်မော် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးစိန်အေး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးသိန်းအောင် | ကျား | ဂေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ငယ်လေး | မ | ဂေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးနိုင်ဇော်မျိုး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးသံလုံး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးလှထွေး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဦးဂင်းလှိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၈ | ဦးမျိုးဇော်ဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၉ | ဒေါ်မာမာလွင် | မ | စေတနာ့ဝန်ထမ်း |
| ၂၀ | ဒေါ်မူမူ | မ | စေတနာ့ဝန်ထမ်း |
| ၂၁ | ဒေါ်ခင်ခင်ဦး | မ | စေတနာ့ဝန်ထမ်း |
| ၂၂ | ဒေါ်တင်တင်ထွေး | မ | စေတနာ့ဝန်ထမ်း |
| ၂၃ | ဒေါ်အိသဉ္ဇာဖြိုး | မ | စေတနာ့ဝန်ထမ်း |
| ၂၄ | ဒေါ်နွယ်နွယ် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၂၄) ယောက် ကျား(၁၂)ယောက်+မ(၁၂)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးအေးလှိုင်　　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်မြင့်မြင့်ဆွေ　　အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊ဥက္ကဌ
၃။ဦးမောင်မောင်လွင်　အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးတင်သိန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၉ /၂ /၂၀၁၈

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

<table>
<tr><td colspan="4">လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။</td></tr>
<tr><td colspan="2">ကျေးရွာခေါင်းဆောင် အမည်<br>ဦးတင့်လွင်</td><td>ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09264372880</td><td>လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးတင်ဦး</td></tr>
<tr><td>ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း</td><td>မြို့နယ် ကျောက်တံခါး</td><td>ကျေးရွာအုပ်စု မီးပြ</td><td>ကျေးရွာ မီးပြ</td></tr>
</table>

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၃၇၄ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၃၇၄ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၄၇ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၄၇ |
| လူမျိုးစု (၃) ---ရှမ်း--- | ၄ | ဘာသာ (၃) ---ဗုဒ္ဓ--- | ၄ |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၂၄၉၁ | ၂၄၉၁ |
| လူမျိုးစု (၂)---ပအိုဝ်း--- | ၁၄၃ | ၉၈ |
| လူမျိုးစု (၃)---ရှမ်း--- | ၈ | - |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၃၂၆ | ၉၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☑ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☑ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☑ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်------ -/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်-------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ဖွံ့ဖြိုးရေး---

(၂) ---ပရဟိတ လူငယ်အဖွဲ့---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးတင်ကျော်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင်ဝင်း |
| နေ့စွဲ ၂၈.၁၁.၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် — မြို့နယ် ကော့မှူး — ကျေးရွာအုပ်စု ဖါးပြ — ကျေးရွာ ဖါးပြ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လယ်ပြင်ဆက်သွယ်ရေးအခက်အခဲ | ၁ | ကျန်းမာရေးအခက်အခဲ |
| ၂ | ပညာရေးအခက်အခဲ | ၂ | လယ်သွားလာရေးအခက်အခဲ(လယ်) |
| ၃ | ကျန်းမာရေးအခက်အခဲ | ၃ | ပညာရေးအခက်အခဲ |
| ၄ | ရေကြီးခြင်းအခက်အခဲ | ၄ | ရေထုတ်မြောင်းအခက်အခဲ |
| ၅ | ဈေးချိုအခက်အခဲ | ၅ | မီးလိုင်းအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလယ်ပြင်ဆက်သွယ်ရေးကောင်းစေရန် | ၁ | နောင်ငါးနှစ်အတွင်း ခြံမြေရှိ မြေဖြစ် [illegible] |
| ၂ | အခြေခံဝင်ငွေရရှိစေရန် | ၂ | ရေလုံလောက်စွာရရှိစေရန် |
| ၃ | ကျေးရွာတွင်း သောက်သုံးရေလုံလုံ ရရှိစေရန် | ၃ | အကြည့်တိုက် ကောင်းမွန်လာစေရန် |
| ၄ | မီးရရှိစေရန် | ၄ | လျှပ်စစ်မီးတစ်ရွာလုံးလင်းစေရန်။ |
| ၅ | ကျေးရွာတွင်းအသောက်အစားများ ကောင်းမွန်စေရန် | ၅ | ပညာရေးတိုးတက်လာစေရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာသုံးလှိုင်းကာ ပံ့ပိုးလမ်း | က+မ | 6,800,000 | 4170 |
| ၂ | သဲပြာလမ်းပြုပြင်ခြင်း | က+မ | 89,00,000 | 4170 |
| ၃ | ကွက်သစ် (၆) လမ်း | က+မ | 5,900,000 | 4170 |
| ၄ | စာသင်ကျောင်းလမ်း | က+မ | 20,000,000 | 4170 |
| ၅ | မြေလဲသွယ်လမ်း | က+မ | 4,200,000 | 4170 |

| | ကျေးရွာအလိုက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (ကျေးရွာ/ အမျိုးသမီး/ ကျေးရွာ+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၆. | မြသီတာကျောင်းစုတန်းချောင်း ဆက်လမ်း | က+မ | 7,800,000 | 4170 |
| ၇။ | ကံကော်မြိုင်လမ်း | က+မ | 12,500,000 | 4170 |
| ၈။ | ဒေါ်အေးချမ်းမေ ဦးမှူးလှိုင်လမ်း | က+မ | 4,900,000 | 4170 |
| ၉။ | ကျောင်းအား ကစား ကွင်း | က+မ | 10,000,000 | 4170 |
| ၁၀။ | စိန်ကောက်မြိုင်လမ်း | က+မ | 12,000,000 | 4170 |
| ၁၁။ | ရွှေဆီမြိုင်လမ်း | က+မ | 9,00,000 | 4170 |
| ၁၂။ | မြသီတာ စကျောခြံလမ်း | က+မ | 17,000,000 | 4170 |
| ၁၃။ | အေးသာယာ (၁)လမ်း | က+မ | 1,500,000 | 4170 |
| ၁၄။ | အောင်မြင်ဈေး (၂)လမ်း | က+မ | 4,900,000 | 4170 |
| ၁၅။ | ရွှေမုဒ္ဒေါ လျှပ်စစ်မီးရရှိရေး | က+မ | 5,000,000 | 4170 |
| ၁၆။ | မြနန္ဒာ လျှပ်စစ်မီးရရှိရေး | က+မ | 2,000,000 | 4170 |
| ၁၇။ | အောင်မြင်ဈေး (၁)လမ်း | က+မ | 3,000,000 | 4170 |
| ၁၈။ | အေးသာယာ (၃)လမ်း | က+မ | 1,500,000 | 4170 |
| ၁၉။ | ဥက္ကံသိန္နီ တန်တာကြီးလမ်း | က+မ | 5,000,000 | 4170 |
| ၂၀။ | ဦးဝကြီးလမ်းမကြီး | က+မ | 6,000,000 | 4170 |
| ၂၁။ | မြောက်ချောင်းဗညာကျလမ်းမ ပြုပြင် | က+မ | 10,000,000 | 4170 |
| ၂၂။ | အေးသာယာ (၂)လမ်း | က+မ | 1,500,000 | 4170 |
| ၂၃။ | အောင်မြင်ဈေး (၃)လမ်း | က+မ | 4,900,000 | 4170 |
| ၂၄။ | အောင်မြင်ဈေး (၄)လမ်း | က+မ | 5,900,000 | 4170 |
| ၂၅။ | အောင်မြင်ဈေး (၅)လမ်း | က+မ | 4,900,000 | 4170 |
| ၂၆။ | အေးသာယာ (၄)လမ်း | က+မ | 1,500,000 | 4170 |
| ၂၇။ | ရွှေမုဒ္ဒေါအသင်ကျောင်းလမ်း ပြုပြင်ရေး | က+မ | 12,000,000 | 4170 |
| ၂၈။ | မြသရဖီလမ်း | က+မ | 2,000,000 | 4170 |
| ၂၉။ | ကမာပတီလမ်း | က+မ | 18,000,000 | 4170 |

| | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသား/ အမျိုးသမီး/ အမျိုးသား +အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစား ခွင့်ရှိသူ ခန့်မှန်း ဦးရေအတွက် |
|---|---|---|---|---|
| ၃၀။ | ကွက်သစ် (၇)လမ်း | က+မ | 5,900,000 | 4170 |
| ၃၁။ | ကွက်သစ် (၄)လမ်း | က+မ | 5,000,000 | 4170 |
| ၃၂။ | ကွက်သစ် (၅)လမ်း | က+မ | 6,000,000 | 4170 |
| ၃၃။ | ကန်သာယာလမ်း | က+မ | 10,000,000 | 4170 |
| ၃၄။ | ရွှေမုဋ္ဌောလမ်း ပြုပြင် | က+မ | 13,000,000 | 4170 |
| ၃၅။ | ကွက်သစ် (၈)လမ်း | က+မ | 6,000,000 | 4170 |
| ၃၆။ | အေးသာယာ (၅)လမ်း | က+မ | 1,500,000 | 4170 |
| ၃၇။ | ဦးရှင်ကြီးလမ်း | က+မ | 8,300,000 | 4170 |
| ၃၈။ | ဗိုလ်ချုပ်ပိတောက်လမ်း | က+မ | 12,000,000 | 4170 |
| ၃၉။ | အထက(၁)ကျောင်းပြုပြင် | က+မ | 15,000,000 | 4170 |
| ၄၀။ | မြသီတာကျောင်း ခုံရပ်ကွက် ခြစ်ဆောက်လမ်း | က+မ | 9,000,000 | 4170 |
| ၄၁။ | ရွှေဟင်္သာလမ်း | က+မ | 6,000,000 | 4170 |
| ၄၂။ | သီရိစေယျာလမ်း | က+မ | 7,000,000 | 4170 |
| ၄၃။ | မြသီတာလမ်းမကြီး | က+မ | 15,000,000 | 4170 |
| ၄၄။ | ဘုရားဆည်ဝိုက် ပြုပြင်ခြင်း | က+မ | 10,000,000 | 4170 |
| ၄၅။ | ရေပိုက်သွယ်တန်းခြင်း | က+မ | 18,300,000 | 4170 |
| ၄၆။ | မိခင်နှင့်ကလေး ကျောက်စုတ်ကျ | က+မ | 500,000 | 4170 |
| ၄၇။ | ဆေးပေးခန်း ပြုပြင်ရေး | က+မ | 5,000,000 | 4170 |
| ၄၈။ | ဈေးရုံဆိုင် ချုံ့တည်ဆောက်ရေး | က+မ | 8,000,000 | 4170 |
| ၄၉။ | ရွှေစေတီကြောင်းလမ်း | က+မ | 2,000,000 | 4170 |
| ၅၀ | ကန်များ ဖြစ်ညှိရိုးသစ်ခြင်း | က+မ | 35,000,000 | 4170 |
| ၅၁။ | စုန်စုန်တဲ တားအားရေပြင့် ပြုလုပ်ရန်။ | က+မ | 5,000,000 | 4170 |
| ၅၂။ | သုခမြိုင်လမ်း | က+မ | 6,700,000 | 4170 |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဘုန်းတော်ကြီးကျောင်းဆွမ်းစားဆောင်ပြုပြင် | က+မ | |
| ၂ | လယ်ယာသုံးရေချောင်းများ | က | |
| ၃ | လျှပ်စစ်မီးရရှိရေး | က+မ | |
| ၄ | မူလတန်းကျောင်းရရှိရေး | မ | |
| ၅ | သစ်တောပျက်ဆီးရှောင်ရှားရေး | က | |
| ၆ | [illegible] | က+မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-- ဦးအေးနိုင် -------- လက်မှတ်-------------------------- နေ့စွဲ--- ၂၈.၁၁.၁၇ ---------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | ဘုန်းကျော်ကြီး | |
| | ၂ | | ☐မ ☐ကျား | စန္ဒာရဲ့ဖြူဖြင့်, | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | ဗညွှန့်ကျောင်း | |
| | ၂ | | ☐မ ☐ကျား | ဥက္ကရေး | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | | ☐မ<br>☐ကျား | လယ်ယာရေချောင်း | |
| | ၂ | | ☐မ<br>☐ကျား | ဩသုပ်စစ်မိုး | |
| | ၃ | | ☐မ<br>☐ကျား | ဘုံတော်ပျက်ကြီး<br>ရေချောင်းပေါက် | |
| | ၄ | | ☐မ<br>☐ကျား | မိုဂရေတော ပြုပြင် | |
| | ၅ | | ☐မ<br>☐ကျား | တိုင်းသိမ်းရေး | |

၁၁။ အစည်းအဝေးမှတ်တမ်းများ

လူထုပဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ကျေးရွာ | မီးပြကျေးရွာ။ |
| ကျေးရွာအုပ်စု | မီးပြကျေးရွာ။ |
| အစည်းအဝေးပြုလုပ်သည့်နေရာ | မီးပြ အုပ်ချုပ်ရေးမှူးရုံး |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၈ . ၁၁ . ၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာပထမအကြိမ် အစည်းအဝေး ။ (ဒုတိယနှစ်စက်ဝန်း) |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (403)ဦး ။မ (445)ဦး= (848) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ဒုတိယနှစ်စက်ဝန်းအတွက် ကျေးရွာပထမအကြိမ် အစည်းအဝေး စီမံကိန်းမိတ်ဆက်၊ စက်ဝန်း ၊ ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ခြင်းနှင့် လူမှုဆန်းစစ်ခြင်း(မြေပုံရေးဆွဲခြင်း)။

ဆွေးနွေးချက်(၁) ။ ။ လူထုစည်းရုံးရေးမှူး ဦးတင်သိန်းက ကျေးရွာသူ/သားများအား စီမံကိန်း၏ ရည်ရွယ်ချက်၊ မိတ်ဆက်ပေးချက်အားရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်းတွင် အပိုင်း(၆)ပိုင်း၊ အဆင့်(၄)ဆင့် အား အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။ စီမံကိန်းတွင် အဓိကတာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုအား ရှင်းလင်းဆွေးနွေး ခဲ့ပါသည်။ ကျေးရွာစေတနာ့ ဝန်ထမ်းနေရာအား ပထမနှစ်စက်ဝန်းတွင် ရွေးချယ်တင်မြှောက်ခဲ့သူ ဦးဟန်မြင့် နှင့် ဒေါ်တင်တင်ဌေးတို့အား ကျေးရွာ လူထုမှ ဒုတိယနှစ်စက်ဝန်းအတွက်ပြန်လည်

ဆွေးနွေးချက် (၁) " " ရွေးချယ်ခြင်းမရှိဘဲ ပထမနှစ်အတိုင်း အတည်ပြု ခဲ့ပါသည်၊

ဆွေးနွေးချက် (၂) " " ကျေးရွာမှ အစည်းအဝေး တက်ရောက်သူများအား အဖွဲ့များခွဲစေ၍ လူမှုဆန်းစစ်ခြင်း (၆)ခုအား ပြုလုပ်ခဲ့ကြပါသည်၊ (၁) ကျေးရွာအရင်းအမြစ်မြေပုံကို ကျေးရွာလူထုနှင့် ပထမနှစ်စက်ဝိုင်းတွင် လိုအပ်ချက်များကို ပြန်လည်ပြုပြင်ခဲ့ပါသည်။

(၂) ကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်တွင် ကျေးရွာတွင်းတွင် အိမ်ထောင်စုဦးရေ ဒအဆင့် အတန်းခွဲခြားသတ်မှတ် ဆွေးနွေးခဲ့ပါသည်၊ (၃) ရာသီဥတုပြက္ခဒိန်တွင် ကျေးရွာအတွင်းတွင် မည်သည့်အချိန်တွင် ဘာလုပ်ငန်းများလုပ်ပြီး မည်သည့်ရက်တွင် အားလပ်ရက်များရှိရသလည်း ကိုဆွေးနွေးခဲ့ပါသည်၊ (၄) ဝင်းပုံစံ က ကျေးရွာအတွင်းတွင် အဖွဲ့အစည်းမည်မျှရှိ၍ မည်သည့်အဖွဲ့အစည်းများက ထည့်သည့်ဝင်ဝင် ချိတ်ဆက်မှုရှိသလည်းကို ဆွေးနွေးခဲ့ပါသည်၊ (၅) ပင်ကူအိမ်သုံးသပ်ခြင်းသည် အမျိုးသား / အမျိုးသမီးများက နေရာတိုင်းတွင် ဘယ်လောက်ထည့်ထည့်ဝင်ဝင် လှုပ်ရှားနိုင်သလည်း ကိုဆွေးနွေးခဲ့ပါသည်။ (၆) ပိုင်ဆိုင်မှုသုံးသပ်ခြင်းသည် ကျေးရွာတွင်းတွင် ဘယ်လောက် အမျိုးသားများ အရင်းအမြစ်များ ထိန်းချုပ်သုံးစွဲထားခြင်းရှိမရှိ၊ အမျိုးသမီးများကလည်း အရင်းအမြစ်များ ထိန်းချုပ်သုံးစွဲထားခြင်း

ဆွေးနွေးချက် ၂၂ ။

၂၂ ဦး စလုံး ကလည်း အရင်းအမြစ် ထိန်းချုပ်သုံးစွဲ ထားခြင်းရှိ မရှိကို ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက် ၊
သဘောတူညီချက် ။

ကျေးရွာစေတနာ့ဝန်ထမ်း အား ပထမနှစ်စက်ဝန်း တွင် ရွေးချယ်တင်မြှောက်ခဲ့သူ ၂၂ ဦး အား ပြန်လည်တာဝန် ပေးရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ လူမှုဆိုင်ရာ စံ ဖြင်း ၄၆၁ ခုစလုံးကို ကျေးရွာလူထု၏ သဘောဆန္ဒအတိုင်း လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ သဘောတူညီမှုရရှိခဲ့ပါသည်။

အစည်းအဝေးကို ( ၇:၀၀ ) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် -

အမည် - ဦးတင်ဝင်းမိုး

ရာထူး - လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ကျေးရွာ ---- ဒီးပြကျေးရွာ

ကျေးရွာအုပ်စု ---- ဒီးပြကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ဒီးပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၂၈. ၁၁. ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ဒုတိယသုံးနှစ် စက်ဝန်း ဒုတိယအကြိမ် ပြင်ဆင် ဆက်ရက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၄၀၃)ဦး ၊မ (၄၄၅)ဦး= (၈၄၈) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများဖွဲ့စည်းခြင်း ။

ဆွေးနွေးချက်။ ။ ဒုတိယသုံးနှစ်စက်ဝန်း ဒုတိယအကြိမ်မြောက်ဆက်စပ်အစည်းအဝေး ကိုလက်တောက်နည်းပညာမှူးဒေါ်ကျော့ကျော့ဝင်းမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာအားပထမနှစ်စက်ဝန်းမှဦးစားပေးသတ်မှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပြီး ဒုတိယသုံးနှစ်စက်ဝန်း အတွက်ပြန်လည်စတင်ချိန်တွင်ပထမနှစ်မှသတ်မှတ်ထားသည့် စီမံချက်အတိုင်းဆက်လက်အကောင်အထည် ဖော်ဆောင်ရှိ/ ပြန်လည်ရွေးချယ်လိုပါကစီမံချက်ကို ပြန်လည်ရွေးချယ်နိုင်ကြောင်းရှင်းလင်းပြောကြားခဲ့ ပါသည်။

သဘောတူညီချက်။ ။ ကော်မတီဝင်များနှင့်ရပ်မိရပ်ဖများ၊ကျေးရွာသူ/ သားများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့များက ပထမနှစ်မှရွေးချယ်ထားသည့်အတိုင်းလုပ်ငန်းစဉ်များ

အား အစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွား ကြရန်သဘောတူညီခဲ့ကြပါသည်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး ဦးတင်သိန်းမှ ကော်မတီဝင်များအား ဒုတိယနှစ်စက်ဝန်းတွင်ဆက်လက်၍တာဝန်ယူထမ်းဆောင် ပေးလိုခြင်း ဆန္ဒရှိ/မရှိအား ကော်မတီဝင်တစ်ဦးချင်းစီ၏ သဘောဆန္ဒများကို ကျေးရွာလူထုရှေ့တွင်မေးမြန်းခဲ့ပါ သည်။ ကော်မတီဝင်များမှလည်း ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်၍တာဝန်ယူထမ်းဆောင်ပါမည်ဟု ဝန်ခံ များနှင့် ကျေးရွာလူထုများ၏ရှေ့တွင်တာဝန်ယူကတိပြုပြီး ပြန်လည်ထမ်းဆောင်ခဲ့ကြပါသည်။

သဘောတူညီချက်။ ဆုံးဖြတ်ချက် ။ ကျေးရွာလူထုမှလည်း ကော်မတီဝင်များအား လက်ခံကြောင်း ထောက်ခံပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီဝင်များ အား ဒုတိယနှစ်စက်ဝန်းတွင်ဆက်လက်ထမ်းဆောင်ရန် သဘောတူညီဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်ချက် ။ ။ ဤအစည်းအဝေးတွင် ဆွေးနွေးချက်၊ သဘောတူညီချက်၊ ဆုံးဖြတ်ချက်များသည် ကျေးရွာလူထုအားလုံး၏သဘော တူညီဆုံးဖြတ်ချက်များသာ ဖြစ်သည်။

မှတ်တမ်းတင်သူ
ဦးတင်သိန်း
လူထုစည်းရုံးရေးမှူး

## ၁၂။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊